Message Two

## ဘုရားဆိုင်ရာချစ်ဇာတ်လမ်း၌ အသက်ရှင်ခြင်းအားဖြင့် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ရော၊၅း၅။ ၈း၃၅၊ ၃၉။ ၁၅း၃၀။ ဧ၊၃း၁၄-၁၉။
သီ၊၁း၂-၃။ ၃း၆။ ၄း၇၊ ၁၅။ ၆း၄

**I. သမ္မာကျမ်းစာ၌ ဘုရားဆိုင်ရာချစ်ခြင်းမေတ္တာနှင့် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းအကြား ပင်ကိုမူလ ဆက်နွယ်မှု ရှိနေသည်၊ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာအဖြစ် ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းအတိုင်း သခင်ဘုရားကို ချစ်ကြသည် - ရော၊၅း၅။ ၈း၃၅၊ ၃၉။ ၁၅း၃၀။**

**II. သမ္မာကျမ်းစာသည် အဖြူစင်ဆုံးနှင့် အသန့်ရှင်းဆုံး အာရုံခံစားမှု၌ စကြဝဠာဆိုင်ရာစုံတွဲ - သတို့သားအဖြစ် ခရစ်တော်၌ ဘုရားသခင်နှင့် သတို့သမီးအဖြစ် ဘုရားသခင်၏ ရွေးနုတ်ခံလူများ - ၏ ချစ်ဇာတ်လမ်းဖြစ်သည် - ယော၊၃း၂၉။ မ၊၂၅း၆။ ဗျာ၊၁၉း၇။ ၂၁း၂။ ၂၂း၁၇။**

A. ရာစုနှစ်များတစ်လျှောက်တွင် ဘုရားသခင်သည် လူနှင့်အတူ ချစ်ဇာတ်လမ်းရှိခဲ့သည်။ ကိုယ်တော်သည် အဖော်အဖက်ကို ရရှိလိုသော အကြံအစည်တော်နှင့်အတူ လူကို ဖန်ဆင်းခဲ့သည် - အငယ်၊၁၇။

B. ဘုရားသခင်သည် ချစ်သူဖြစ်ပြီး၊ ချစ်သူအဖြစ် မိမိကိုယ်တော်တိုင်၏ပုံသဏ္ဍာန်တော်၌ လူကို ဖန်ဆင်းခဲ့သည်။ ဤသည်မှာ ကိုယ်တော်သည် လူကို ဖန်ဆင်းခဲ့ခြင်းမှာ လူသည် ကိုယ်တော်ကို ချစ်ရန်ကို ဆိုလိုသည် - မာ၊၁၂း၃၀။ ဧ၊၃း၁၄-၁၉။

C. သမ္မာကျမ်းစာ တစ်အုပ်လုံးသည် ဘုရားဆိုင်ရာချစ်ဇာတ်လမ်းဖြစ်ကာ၊ သီချင်းတကာ့သီချင်းသည် ဤချစ်ဇာတ်လမ်း၏ အကျဉ်းချုပ်ပုံစံဖြစ်သည် - ၁း၂-၃။ ၈း၁၄။

1. သမ္မာကျမ်းစာသည် ချစ်ဇာတ်လမ်းစာအုပ်ဖြစ်ကာ၊ သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ဆက်နွယ်မှုသည် ပို၍ ပို၍ ချစ်ဇာတ်လမ်းဖြစ်လေလေ ဖြစ်သင့်ပါသည် - သီ၊၄း၇။
2. ကျွန်ုပ်တို့နှင့် သခင်ယေရှုအကြားမှာ မည်သည့် ချစ်ဇာတ်လမ်းမျှမရှိလျှင်၊ ကျွန်ုပ်တို့သည် ဘာသာရေးဆန်သော ခရစ်ယာန်များသာဖြစ်ပြီး၊ ချစ်ဇာတ်လမ်းရှိသော ခရစ်ယာန်များမဟုတ်ကြပါ - ၁း၂-၃။
3. သမ္မာကျမ်းစာတစ်ခုလုံးသည် ဘုရားဆိုင်ရာ ပိုးပန်းခြင်းစကားဖြစ်သည်။ သမ္မာကျမ်းစာ၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏ချစ်ခြင်းကို ရှာဖွေနေကြောင်း မြင်ရသည် - ၂ကော၊၁၁း၂။

D. ဘုရားသခင်၌ရှိသော ချစ်ခြင်းမေတ္တာက ကိုယ်တော်အား ကျွန်ုပ်တို့နှင့် ပေါင်းစည်းရန်၊ ရောနှောရန်၊ ပူးပေါင်းရန် တောင့်တခြင်း ဖြစ်စေပြီး၊ ကျွန်ုပ်တို့၌ရှိသော ထိုတူညီသောမေတ္တာက ကျွန်ုပ်တို့အား ကိုယ်တော်နှင့် ပေါင်းစည်းရန်၊ ရောနှောရန်၊ ပူးပေါင်းရန် တောင့်တမှုကို ဖြစ်စေခြင်း ဖြစ်သည် -၁ယော၊၄း၈၊ ၁၆၊ ၁၉။

E. ကျွန်ုပ်တို့သည် ဘုရားသခင်၏ပိုးပန်းသောစကားကို စောင့်ထိန်းခြင်းရှိလိုလျှင်၊ ကိုယ်တော်ကို တုန့်ပြန်မှုရှိသော၊ ချစ်ခင်ကြင်နာသော ချစ်ခြင်းမေတ္တာရှိရန် လိုအပ်သည်။ ဤသို့သော တုန့်ပြန်မှုရှိသည့်၊ ချစ်ခင်ကြင်နာသည့် ချစ်ခြင်းမေတ္တာကို သီချင်းတကာ့သီချင်း၌ ပုံဖော်ပြထားပြီး၊ ၎င်း၌ ချစ်သောအရှင်နှင့် ကိုယ်တော်၏ချစ်သူအကြား ချစ်ခြင်းမေတ္တာကို ပုံဖော်ပြသထားသည် - ၁း၂-၄။ ၂ကော၊၅း၁၄-၁၅။ ယော၊၁၄း၂၁၊ ၂၃။

1. သီချင်းတကာ့သီချင်း၏ အဓိကအကြောင်းအရာမှာ ခရစ်တော်နှင့် တစ်ဦးချင်းဆိုင်ရာယုံကြည်သူ၏ ချစ်ခြင်းမေတ္တာဖြင့် မိတ်သဟာယဖွဲ့ခြင်း၌ အဆင့်ဆင့်တိုးတက်လာသော တွေ့ကြုံခံစားမှုကို ဖော်ပြထားသည့် အကောင်းဆုံးသော ထိမ်းမြားခြင်း၌ရှိသည့် ချစ်ခြင်းမေတ္တာသမိုင်းဖြစ်သည် - ၁း၂။
2. သီချင်းတကာ့သီချင်းသည် သတို့သားအဖြစ် ခရစ်တော်နှင့် သတို့သမီးအဖြစ် ကိုယ်တော်၏ချစ်သူများအကြား ထိမ်းမြားခြင်းဆိုင်ရာ ချစ်ခြင်းမေတ္တာ၏ ကဗျာလင်္ကာပုံစံ၌ အံ့သြဖွယ်သော၊ ဝင်းလက်သော ရုပ်ပုံကားချပ်ဖြစ်သည် - ၂း၄။ ၆း၃။ ၇း၁၁-၁၂။ ၈း၅-၆၊ ၁၄။

**III. သီချင်းတကာ့သီချင်း၌ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းကို တွေ့ကြုံခံစားခြင်းနှင့် ဘုရားဆိုင်ရာချစ်ဇာတ်လမ်းအကြား ဆက်နွယ်မှုကို မြင်ရသည်။**

A. ကျွန်ုပ်တို့သည် သခင်ဘုရားကို အမှန်ချစ်လျှင်၊ အသက်၌ အမှန်ပင် ကြီးထွားခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိကြလိမ့်မည်ဖြစ်သည် - ၂ကော၊၅း၁၄-၁၅။ ၃း၁၈။

B. သီချင်းတကာ့သီချင်းရှိ ရှာဖွေသောသူသည် သူမ ချစ်ရာအရှင်ကို အလွန် ချစ်လှသောကြောင့် သူမသည် ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းကို တွေ့ကြုံခံစားပြီး၊ အသက်၌ ကြီးထွားခြင်းတွင် သူမသည် စဉ်ဆက်မပြတ် ပြောင်းလဲမှု ရှိနေသည် - ၁း၉၊ ၁၅။ ၂း၂၊ ၁၄။ ၃း၆-၇။ ၄း၇၊ ၁၂-၁၅။ ၆း၄၊ ၁၀၊ ၁၃။

1. "အရှင်၏နှုတ်ဖြင့် နမ်းခြင်းများစွာနှင့် ကျွန်မကို နမ်းပါစေ။ / ကိုယ်တော်၏မေတ္တာသည် စပျစ်ရည်ထက် သာ၍ကောင်းပါ၏။ / ကိုယ်တော်၏ဘိသိက်ဆီတို့၌ နှစ်သက်ဖွယ်ကောင်းသော အမွှေးအကြိုင် ရှိ၍၊ / နာမတော်သည် သွန်းလောင်းသော နံ့သာပေါင်းကဲ့သို့ ဖြစ်ပါ၏" - ၁း၂-၃။
2. "ရှင်ဘုရင်သည် ကျွန်မကို ကိုယ်တော်၏ အတွင်းခန်းများထဲသို့ ဆောင်ခဲ့တော်မူပြီ" - အငယ်၊၄ခ။
3. "ရှင်ဘုရင်သည် စားပွဲတော်နားမှာ ထိုင်နေစဉ်၊ / ကျွန်မထံ့သော နာဒုဆီမွှေးသည် မွှေးပျံ့ကြိုင်လှိုင်၏" - အငယ်၊၁၂။
4. "ကန္တာရတောထဲကလာသော သူမကား အဘယ်သူနည်း။ / မီးခိုးတိုင်များသဏ္ဌာန် ရှိလျက်၊ / မုရန်၊ လောဗန်တို့နှင့် လည်းကောင်း၊ / ကုန်သည်ရောင်းတတ်သော နံ့သာမှုန့်မျိုးနှင့် လည်းကောင်း ရနံ့ထုံကြိုင်လျက် ရှိပေ၏" - ၃း၆။
5. "ငါ့ချစ်သူ၊ သင်သည် တစ်ကိုယ်လုံး လှပေ၏။ / သင်၌ အပြစ်အနာအဆာ တစ်စုံတစ်ခုမျှ မရှိ" - ၄း၇။
6. "ဥယျာဉ်များ၌ စမ်းရေ၊ / အသက်ရှင်သောစမ်းရေတွင်း၊ / လေဗနုန်တောင်က ချောင်းရေများလည်း ရှိကြ၏" - အငယ်၊၁၅။
7. "ငါ့ချစ်သူ၊ သင်သည် တိရဇကဲ့သို့ လှ၏။ / ယေရုရှလင်ကဲ့သို့ ချစ်ဖွယ်ကောင်း၏။ / အောင်လံထူလျက်ရှိသော စစ်တပ်ကဲ့သို့ ကြောက်မက်ဖွယ် ဖြစ်၏" - ၆း၄။
8. "အို ရှုလမိတ်၊ ပြန်လာပါ။ ပြန်လာပါ" - အငယ်၊၁၃က။